# "လုပ်ရက်ကြပါပေ့ကွယ်"

Editor
Rebound 88

ပြသူကတော့ပြလိုက်ပါပြီ၊ ဗိုလ်ချုပ်သန်းရွှေအမိန့်နဲ့ ဆန္ဒပြပြည်သူအပေါင်းကို မျက်ရည်ယို ဗုံးနဲ့ခွဲ၊ ဝါးရင်းဒုတ်နဲ့ရိုက်၊ သေနပ်နဲ့အသေပစ်လိုပစ်နဲ့ လူပေါင်းများစွာသွေးမြေကျခဲ့ကြရပါပြီ။

ဒီလိုနဲ့ပြဿနာဟာပြီးသွားရောလား။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့အစိုးရကိုကမ္ဘာ့ပရိတ်သတ် ကြီးက ကောင်းချီးသြဘာ တွေပေးရောတဲ့လား၊ ဝေးပါသေးရဲ့၊ ကုလသမဂ္ဂကြီးဟာ သူ့ကို လှုတ်နှိုးလိုက်သလိုဖြစ်သွားပြီးတခုခုတော့အရေးယူမှုဖြစ်တော့မယ်လို့ သဘောပေါက်လိုက်ပါပြီ။ ဗမာပြည်အစိုးရကိုအကာအကွယ်ပေးနေကျတရုပ်ကြီးကလဲအိုလံပစ်ပွဲကိုသပိတ်မှောက်မခံ နိုင်တာနဲ့ ဘဲလေသံတွေ ပြောင်းနေပါပြီ။

သူတပါးအသက်ကိုသတ်ဖြတ်ခြင်းဟာ သံသရာမှာဘယ်လိုမှမကောင်း နိုင်ပါဘူး၊ အခုဘဝမှာလဲဗိုလ်ချုပ်ကြီးများရဲ့ဘဝဟာသာယာနိုင်စရာအကြောင်းမရှိတော့ပါဘူး။ ဘဝမကူးခင်မှာကိုယ်ပြုတဲ့ဆိုးကျိုးကိုခံနေကြရတာဟာမျက်မြင်ကိုယ်တွေ့တွေပါဘဲ။ ဗိုလ်ချုပ်မောင်အေး က ဒီလို ပစ်ခတ်သတ်ဖြတ်တဲ့ကိစ္စကိုသဘောမတူဘူး၊ သူရွှေမန်းကမထောက်ခံဘူး ဆိုတဲ့ အသံတွေကြားနေရပါပြီ၊

သံဃာတော်တွေကိုပြစ်မှားရဲတဲ့သူ့ရဲ့မိုက်တွင်းနက်မှုဟာမဖေါ်ပြနိုင်လောက်အောင်ပါဘဲ၊ ကြားရသူအပေါင်းအော့နလုံးနာကြပါတယ်၊ ဗုဒ္ဓကိုယ်တော်တိုင်သက်တော်ထင်ရှားရှိရင်တောင်ပစ်မှား ကြဦးမယ်ထင်ပါရဲ့၊ မြေမျိုမဲ့ပစ်မှုမျိုးတွေပါဘဲ။

အာဖဂန်နစ္စတန်မှာ တာလဘန် တွေမပြုတ်ခင်က ဗုဒ္ဓရုပ်ပွားတော် ကြီးကို မိုင်းနဲ့ခွဲခဲ့ပါတယ်၊ တကမ္ဘာလုံးဝိုင်းပြီးတားနေတဲ့အထဲက သူ့ဖါသာနေတဲ့ရုပ်ပွားတော်ကိုသွားပြီးဖျက်စီးကြတာနော်၊ အကြာကြီးမစောင့်လိုက်ရပါဘူး၊ သူတို့ကိုတိုက်ထုတ်မဲ့လူတွေပေါ်လာပါတယ်၊ အခုထီးနဲ့နန်းနဲ့ ထင်တိုင်းကျဲခဲ့ကြတဲ့ အစိုးရတဖွဲ့ လုံးဟာ တောထဲမှာဝရမ်းပြေးတွေဖြစ်နေကြပါပြီ။

ဦးနေဝင်းဟာသံဃာတော်တွေကိုအကြိမ်ကြိမ်ဒုက္ခပေးခဲ့ပါတယ်၊ အတင်းအကြပ်လူဝတ်လဲ၊ ဖမ်းဆီးထောင်ချ၊ ထောင်ထဲမှာနှိပ်စက်။ သေနပ်အားကိုးမိုက်တွင်းနက်ခဲ့ပါတယ်၊ ၁၉၉၀ ခုနှစ်သံဃာတွေသပိတ်မှောက်ကံဆောင်ကြတုံးကလဲ ဗိုလ်စောမောင်၊ ဗိုလ်ခင်ညွန့်တို့ဟာ နေဝင်းညွှန်ကြားတဲ့ အတိုင်းအတင်းဝင်အတင်းရိုက်အတင်းဝင်ဖမ်းပြီးနှိပ်ကွပ်ခဲ့ပါတယ်၊

အခုသူတို့လားရာတွေကိုကြည့်လိုက်ပါဦး၊ ဦးနေဝင်းဟာ မသေခင် အကျဉ်းကျခံခဲ့ရတယ်၊ သူ့သမီးကအခုအကျယ်ချုပ်၊မြေးတွေကအခုသေမိန့်ကျခံဘို့စောင့်နေရပါတယ်၊ ဗိုလ်စောမောင်ဟာ အရူးလို့အသတ်မှတ်ခံပြီးကွယ်လွန်ခဲ့ရတယ်၊ ဗိုလ်ခင်ညွန့်ဟာသမိုင်း တရားခံကြီးအဖြစ်နေအိမ်မှာအကျဉ်းကျခံနေရပြီ၊ တပည့်တပန်းတွေအားလုံးဟာလဲသေသူသေ၊ ထောင်ကျသူကျ၊ ဘဝပျက်သွားရတာတွေဟာ သံဝေဂယူလို့မဆုံးနိုင်ပါဘူး၊ ဦးနေဝင်းနဲ့ တပည့်တပန်းတွေဟာ တိုင်းပြည်ကို နှံ့ထဲဆွဲနစ်သူများအဖြစ် သမိုင်းဆရာတွေက မှတ်တမ်းတင်ကြ ပါလိမ့်မယ်၊ ဒါတွေဟာ ဗိုလ်သန်းရွှေ အဖို့အဝေးကြီးသွားကြည့်နေစရာမလိုတဲ့သူ့ဘေးကသာဓကတွေပါ၊

အခုသံဃာတော်တွေကိုသတ်ဖြတ်ဖို့၊ ဖမ်းဆီးနှိပ်စက်ဖို့ အမိန့်ပေးခဲ့တဲ့ ဗိုလ်သန်းရွှေရဲ့လားရာကို ကျွန်တော်တို့မျက်ဝါးထင်ထင်တွေ့ကြရပါတော့မယ်၊ ဘယ်လိုမှကောင်းနိုင်စရာမရှိတော့ပါဘူး၊ ဗိုလ်သန်းရွှေရဲ့ ဘဝဟာအရတော်လေခြင်းလို ့ဘယ်သူမှပြောကြတော့မှာမဟုတ်ပါဘူး၊ သူတို့မိသားစုဟာ ဗုဒ္ဓဘာသာဝင်တွေပါ၊ နောက်တခါ သူဟာသံဃာကိုဝတ်ချရင်ဘဲဖြစ်ဖြစ်၊ သူ့မိန်းမဘုရားပန်းကပ် ၊ရေလဲရင်ဘဲဖြစ်ဖြစ် ကုလိုလ်ကောင်းမှုလုပ်ဖို့ကြံတိုင်း အပွါယ် ကျမဲ့ကိစ္စကို သူတို့ကျူး လွန်ခဲ့ကြပြီးပြီ ဆိုတာ ကို သတိရနေကြရမှာပါဘဲ။

နိုင်ငံအပေါ်ကောင်းတာတွေလုပ်နေလို့ သူ့ကိုဆန့်ကျင်လာတဲ့ရန်သူကိုအပြုတ်တိုက်တာဆိုရင်တော့လဲထားလိုက်ပါတော့၊ တိုင်းပြည်မျက်နှာကြည့်ပြီး ခွင့်လွှတ်ရမှာပေ့ါ၊ အခုတော့တိုင်းပြည်ဘဏ္ဍာတော်ကိုခိုး၊ သယံဇာတတွေကို ဆွေမျိုးတစုရောင်းစား၊ စိန်ရွှေ ငွေ၊ စည်းစိမ်မှန်သမျှကို ဗိုလ်ကျသိမ်းယူ၊ တပည့်ထဲက သူခိုးတွေပါရင်လဲခွင့်လွှတ်၊ ဓါးပြတွေကို ချမ်းသာပေးမိန်းမလုပ်တဲ့သူက သူတို့ဆီကလာဒ်တွေယူထားတာကိုး။

ဒီလိုနဲ့ဘဲသူတို့မိသားစုက တစတစချမ်းသာလာနေ၊ တိုင်းသူပြည်သားတွေက တဖြည်းဖြည်းဆင်းရဲမွဲတေချွတ်ချုံကျလာနေ၊ တပ်ချုပ်ကြီးကစပြီး ခိုးနေတော့လဲ အပည့်အပေါင်းကို ခိုးနည်းလုနည်းတွေသင်ပေး၊ ဒီအထဲမှာဗိုလ်ချုပ်မောင်အေးက သူ့လိုသရုပ်ပျက်အောင်လာဒ်မစားတော့သူ့လက်ထောက်ကိုသူပြန်ကြောက်နေရတော့တာပေ့ါ။

ခေါင်းဆောင်စိတ်ဓါတ်လဲမရှိ၊ခေါင်းဆောင်နိုင်တဲ့အရည်အချင်းလဲမရှိတဲ့တပ်ချုပ်ကြီးဟာ
တပည့် တွေ ပေါင်းပြီး ဘယ်တော့များအာဏာသိမ်းလေမလဲလို့ စိုးရိမ်နေရပါပြီ၊

လွန်ခဲ့တဲ့ ၄ နှစ်ကလဲဒေါ်အောင်ဆန်းစုကြည်ကိုသတ်ဖြတ်ကိစ္စတုန်းလုပ်ဖို့ သူအမိန် ့ပေးခဲ့ပါသေးတယ်၊ သူ့လက်ပါးစေဝန်ကြီးချုပ်စိုးဝင်းခေါင်းဆောင်ပြီး ဒေါ်အောင်ဆန်းစုကြည်ကို

သတ်ဖြတ်ဖို့ကျိုးစားခဲ့ကြပါတယ်၊ ကံကောင်းထောက်မလို့ဒေါ်အောင်ဆန်းစုကြည်ဟာအသက်ဘေးကသီသီလေးလွတ်လာခဲ့ပါတယ်၊ ဒီဝန်ကြီးချုပ်ဦးစိုးဝင်း ဆိုသူဟာယခုအခါသွေးကင်ဆာရောဂါကြောင့်ရန်ကုန်စစ်ဆေးရုံမှာသေရမဲ့ရက်ကိုစောင့်နေရပါပြီ။ဘယ်လိုလုပ်ဘဝကူးကောင်းနိုင်ဦးမှာလဲ။

ဒေါ်ဒေါ်စုရဲ့အဖေဗိုလ်ချုပ်အောင်ဆန်းဟာ မြန်မာပြည်ရဲ့ကျေးဇူးရှင်အစစ်ပါ၊ တိုင်းပြည်ကြီးကို သူတို့ဆွဲချထားတဲ့ နွံထဲကဆွဲတင်နိုင်တဲ့သူဟာဗိုလ်ချုပ်သမီး ဒေါ်အောင်ဆန်းစုကြည် သာလျင်ဖြစ်ပါတယ်၊ ဗိုလ်ချုပ်ဆိုရင်လဲ သူတို့အခုလိုယူနီဖေါင်းဝတ်ပြီး အလုပ်လုပ်နိုင်အောင်ဖန်တီးပေးတဲ့ကျေးဇူးရှင်သာလျင်ဖြစ်ပါတယ်၊ ကွယ်လွန်သွားပြီဖြစ်သော ဗိုလ်ချုပ်အပေါ်မှာ ကျေးဇူးဆပ်ဖို့နေနေသာသာ သိက္ခာကျအောင်လုပ်နေတာတွေဟာမဖြစ်သင့်ပါဘူး၊

တွင်းတူးပြီးမိုက်နေသူဟာ သူလိုငါလိုအရပ်သားဆိုရင်တော့ ကျွန်တော်တို့ လစ်လျူရှုထားရုံပါဘဲ။ အဆိုးတွေကိုမမြင်ရမကြားရအောင်နေလိုက်ရုံပါဘဲ၊ အခုတော့ သူခိုး လူမိုက်ဆိုတာကနိုင်ငံခေါင်းဆောင် တပ်ချုပ်ကြီးဖြစ်နေတော့ တိုင်းပြည်နဲ့အဝှမ်းဒုက္ခရောက်ကြရတော့တာပေ့ါ၊

သူ့ကြောင့်ငယ်ရွယ်သော နုပျိုသော မြန်မာနိုင်ငံရဲ့အနာဂါတ်မှာဦးဆောင်ကြရမဲ့ကလေးတွေဟာသိန်းသန်းချီပြီးနိုင်ငံရပ်ခြားမှာမျက်နှာညှိုးငယ်စွာအသက်မွေးဝမ်းကျောင်းနေကြရပါ တယ်၊ လူငယ်ပညာတတ်လေးတွေဟာ ဘယ်လိုမှမြန်မာနိုင်ငံထဲမှာ ဆက်လက်မနေနိုင်ကြ တော့ပါဘူး၊ မြန်မာပြည်ထဲမှာကျန်ရစ်သူများဟာ အဆက်အသွယ်မရှိလို့ ဖြစ်စေ၊ သူတို့နဲ့ ပေါင်းရင်စီးပွားဖြစ်မယ်လို့ လောဘတက်သူခေတ်ပျက်သူဌေးလုပ်ချင်သူတွေသာများပါတယ်၊

စစ်တပ်ထဲမှာသုံးမရတော့လို့ စွန့်ပစ်ရသူတွေကို နယ်ဘက်မှာ စက်ရုံမှူး၊ မန်နေဂျာတွေအဖြစ်ပို့ လိုက်တော့စစ်ဗိုလ်ပြုတ်တွေဟာ ပြည်သူလူထုကို ဗိုလ်ကျကြပါတော့တယ်၊ သူတို့ဟာခိုးဖို့နဲ့ ပြည်သူကိုလည်ပင်းညှစ်ဖို့ ဘဲအဓိကထား သူများဆိုတော့ နယ်ဘက်ယန္တယားတွေဟာအဖြေးဖြေးနဲ့ချွတ်ချုံကျပျက်စီးကုန်ရတာပါဘဲ။ ငါစစ်ဗိုလ်ဟောင်းကွဆိုပြီးထင်တိုင်းကျဲ ထင်တိုင်းခိုးတော့ဘယ်အစိုးရဌာနမှ အလုပ်မဖြစ်တော့ပါဘူး။ တိုင်းပြည်ကဆန္ဒပြတာကိုသေနပ်နဲ့ဖြေရှင်းတတ်တဲ့တပ်ချုပ်ကြီးဟာ ဒီပြဿနာတွေကိုတော့ဖြေရှင်းရမယ်လို့တောင် မသိတတ်ရှာပါဘူး၊ သူကိုယ်တိုင်ကလဲခိုးနေရတာကိုး။

ခေတ်အဆက်ဆက်က ထူထောင်သွားတဲ့စက်ရုံတွေဟာလဲဒီစစ်ဗိုလ်ပြုတ်တွေကြောင့်နလံမထူအောင်ရှုံးကုန်ကြတာပါဘဲ။ ပြုတ်ပြုတ်ပြုံးပျက်စီးကုန်ကြတာပါဘဲ၊

တရားရေးဌာန၊ ဥပဒေပြုရေးရာဌာနတွေဟာလဲ ဒီစစ်ဗိုလ်ပြုတ်တွေ ရမ်းသမ်းလုပ်တာတွေနဲ့ အတူ အထက်ကကျလာတဲ့ စည်းလွတ်ဘောင်လွတ်၊ စီရင်ချက်တွေချကြရင်းနဲ့ ဘာမှအသုံး မကျတဲ့ဌာနတွေဖြစ်ကုန်ပါတော့တယ်၊

ခြုံပြောရရင်တိုင်းပြည်ကြီး ဟာကုန်းကောက်စရာမရှိတော့လောက်အောင်ပျက်စီးယိုရွင်းနေပါပြီ ပြုတ်ပြုတ်ပြိုးနေပါပြီ၊ ဗိုလ်ချုပ်ပြောတဲ့ ဖါသယ် လိုနိုင်ငံကမှဂုဏ်ရှိပါဦးမယ်၊ အခုဟာက တရုပ် ပြည် ကပြောသမျှ လိုက်လုပ်နေရတဲ့ လက်ပါးစေနိုင်ငံတခုဖြစ်နေပါပြီ၊

ဒီလောက်အသုံးမကျပေါက်ကရဖြစ်နေချိန်မှာ ပြည်သူတွေဆန္ဒပြကြပြီဆိုရင် အကြောင်းရင်းက ဘယ်လိုလဲလို့စဉ်းစားတတ်ဖို့ကောင်းပါတယ်၊ နိုင်ငံခြားရေးဝန်ကြီးဟောင်း ကစ်ဆင်ဂျာပြော သလို တိုင်းပြည်မှာကြီးမားတဲ့ အုံကြွမှု အရေးအခင်းတွေပေါ်ပြီဆိုရင် လက်ရှိပေါ်လစီ ကောင်း မကောင်း စီစစ်ဖို့ အခွင့်အရေး ရတာဘဲလို့ပြော ခဲ့ဘူးပါတယ်၊ ဗိုလ်သန်းရွှေ ခင်ဗျား ပေါ်လစီ ဟာ မှားနေပြီလို့ သတိပေးလိုက်တာပါ၊ သူ့အနေနဲ့ သန်း၆၀ သောပြည်သူအပေါင်းရဲ့ လိုအင် ဆန္ဒကို လိုက်လျောဖို့ ပြင်ဆင်ရပါလိမ့်မယ်၊ သေနပ်အားကိုး လက်နက်အားကိုးနဲ့ ဆန္ဒပြသူ အားလုံးကို ပစ်သတ်ချေမှုန်းရမယ်ဆိုတဲ့အယူအဆဟာသုံးမရလောက်အောင်မှားယွင်းနေပါပြီ၊ ကွယ်လွန် သွားပြီဖြစ်တဲ့ ဦးနေဝင်း ဟာဒီလိုအတွေးအခေါ်မျိုးနဲ့ဘဲတိုင်းပြည်ကိုအုပ်ချုပ်ခဲ့တဲ့ အတွက် ကျွန်တော်တို့နိုင်ငံကြီးဟာ ဘယ်လောက် ခေတ်တွေ နောက်ကျကျန်ခဲ့ပါပြီလဲ။

တပ်ချုပ်လုပ်တဲ့လူကပစ်သတ်ဖို့အမိန့်ပေးတော့ကော၊ ဘာကြောင့် သူ့အမိန့်ကိုနာခံသင့်ပါ သလဲ၊ တိုင်းပြည်ကြီးဟာ ဒီပုဂ္ဂိုလ် ဦးစီးနေသမျှ သူ့မိန်းမ၊ သူ့ဆွေမျိုး သားသမက်တွေ ကစိတ်ရှိ လက်ရှိ ပြည်သူ့ဘဏ္ဍာတော်တွေ ကိုဆက်လက်ခိုးနိုင် ဖွက်နိုင်အောင်လုပ်ပေးရာ ရောက်နေပါတယ်၊ ခင်ဗျားတို့ပစ်သတ်လို့ ပြည်သူတွေသေကြတော့ရော ဘယ်လောက်များ ဂုဏ်ကျက်သရေရှိမှာတဲ့လဲ၊ တကိုယ်ကောင်းလုပ်နေတဲ့တပ်ချုပ်ရဲ့ အမိန့်ကိုဖီဆန်ကြပါ။

တိုင်းပြည်ရဲ့အချုပ်အချာအာဏာကိုခါးပြတိုက်ယူ၊ ပြီးသံဃာတော်တွေကို ကြိုးနဲ့တုပ် ရိုက်၊ ဖမ်းပြီးလူဝတ်လဲထောင်ချ၊ ပြည်သူလူထုလိုအပ်ချက်တွေကိုတော့လစ်လျူရှု၊ မိမိချမ်းသာရေး မိန်းမနဲ့သမီးကိုစိန်နဲ့ထပ်ပြီးကြွယ်ဝရေးကိုလုပ်၊ တိုင်းပြည်ကြီးမွဲတေနေလို့ဆန္ဒထုပ်ဖေါ်နေသူ တွေကို ပစ်သတ်ဆိုတဲ့ ပုဂ္ဂိုလ်မျိုးဟာ ဘယ်သောအခါမှ တိုင်းပြည်ခေါင်းဆောင် မဖြစ်ထိုက် ပါဘူး၊ ကျွန်တော်တို့ပြည်သူအားလုံးညီရင် မင်းဆိုးမင်းညစ်တွေပြေးကြရမှာပါ၊

အနော်ရထာ၊ကျန်စစ်သားမင်းကြီးစသည်ဖြင့်ရှေးမင်းအဆက်ဆက်တို့ခေတ်တွေကစပြီးဗုဒ္ဓသာ သနာတော်ဟာအရောင်တငြီးငြီးထွန်းလင်းတောက်ပခဲ့ပါတယ်၊ရှင်အရဟံ၊ ရှင်ဒီသာပါမောက် စသည်ဖြင့်သံဃာတော်အရှင်မြတ်တွေဟာဗုဒ္ဓသာသနာရဲ့သမိုင်းတလျောက်မှာကြည်ညို

ဘွယ်ရာသာသနာ့အလံကိုငွါးငွါးစွင့်စွင့် လွှင့်ထူနိုင်ခဲ့ကြပါတယ်၊ အုပ်ချုပ်သူမင်းအဆက်ဆက်ကိုအဖိုးကြီးစွာသောအကြံဉာဏ်တွေကိုပေးခဲ့ကြပါတယ်။ ရှင်ဥတ္တမကျော်၊ ရှင်မဟာ သီလဝံသတို့ဟာလဲမြန်မာစာပေအတွက်ခေတ်အဆက်ဆက်အဓွန့်ရှည်တဲ့စာပေဆီမီးကိုထွန်းညှိပေခဲ့ကြပါတယ်၊မြန်မာ့လွတ်လပ်ရေးသမိုင်းမှာလည်း ဦးဥတ္တမ၊ ဦးဝိစာရကိုယ်တော်တို့ဟာ အသက်ကိုပဓာဏ မထားရွှတ်ရွှတ်ချွန်ချွန်ဦးဆောင်ခဲ့ကြပါတယ်။

အတိုချုပ်ကတော့မြန်မာသံဃာတော်တွေရဲ့အခမ်းကဏ္ဍကို မြန်မာ့သမိုင်းမှာ ဘယ်လိုမှ မှေးမှိန်အောင်မလုပ်နိုင်ပါဘူး

အခုအခါ တတိုင်းပြည်လုံး သေနပ်တပြပြနဲ့ အနိုင်ကျင့်ဗိုလ်ကျတဲ့အကျင့်ပျက်ဗိုလ်ချုပ် တစုကြောင့် တိုင်းပြည်ကြီး ချွတ်ချုံကျ ဆင်းရဲအတိဒုက္ခရောက်နေချိန်မှာ ပြည်သူပြည်သားတွေရှေ့ထွက်ပြီးပြည်သူတွေအကျိုးအတွက်ဆန္ဒပြခဲ့ကြရတာဖြစ်ပါတယ်၊

ဒါပေမဲ့မိုက်တွင်းနက်လှတဲ့တပ်ချုပ်ကြီးဟာပစ်မိန့်ပေးပြီးသံဃာတော်တွေကိုချေမှုန်းခဲ့ပါတယ်။ သံဃာတော်တို့ရဲ့ သွေးဟာမြေကျခဲ့ကြရပါပြီ၊ ဒီသမိုင်းဟာချေဖျက်လို့မရသလိုဘဲ အမိန့်ပေးသူတပ်ချုပ်ကြီးနဲ့အမိန့်နာခံသူစစ်ဗိုလ်အပေါင်းဟာပြည်သူတွေရဲ့ ဒဏ်ခတ်ခြင်း ကိုမဝေး တော့တဲ့အနာဂါတ်မှာခံကြရတော့မှာပါ၊

မြန်မာပြည်သူပြည်သား အားလုံးညီညွှတ်ကြပါ၊